လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်
ဘိုချိုကျွန်း
ဟယ်ခရုခွံတွေပါလား
အိမ်ပြန်လက်ဆောင်
အတွက် ကောက်သွားဦးမှ
?

MYANMAR ocean PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar

MYANMAR ocean PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar

အိမ်ကလူတွေလိုက်ပို့ လို့
ခုမှကမ်းခြေကို ပထမဆုံး
ရောက်ဖူးတာ
အဲ့တာ လမ်းလျှောက်ထွက်လာရင်း
ခရု ခွံလေးတွေလှလို့ ကောက်နေတာ
ခရု တွေတင် မကဘူး
ဒီအမှိုက်တွေပါတွေ့ တော့
တခါတည်းကောက်နေတာ
ဦးမြေပဲကိုကူညီပေးတာရော
အမှိုက်ကောက်ပေးတာရော
ကျေးဇူးတင်ပါတယ်
ခရုခွံဆိုလို့ ပြောရဦးမယ်
သမီးတို့ အိမ်မှာ အလှထားပေမယ့် ဦးတို့ အတွက်တော့
အဲ့ခရုခွံက ခေါင်မိုးဆိုလည်းဟုတ်တယ်
ရန်သူနဲ့ တွေ့ ရင် ဝင်ပုန်းစရာဆိုလည်းဟုတ်တယ်
တချို့ ငှက်ကလေးတွေ အသိုက်ဆောက်တဲ့
နေရာမှာလည်း သုံးလို့ ရတယ်

ခရုခွံတွေ ကမ်းစပ်တလျှောက်ရှိနေရင် မြေဆီလွှာတိုက်စားတာကို ကာကွယ်ဖို့ အမိုးအကာလည်းဖြစ်တာပေါ့
ပြော် သမီးက ခရုခွံ တွေ ဒီလောက် အရေးပါမှန်း မသိခဲ့ဘူး
ခရုခွံလေး တွေလှတော့ သိမ်းထား ချင်လို့ ပါ။ ဦးမြေပဲ တို့ အတွက်ထိခိုက် တယ်ဆိုရင်တော့ မသိမ်းထားချင်ပါဘူး
တော်တော်များများက ဒီလိုပါပဲ၊ အန်တီကတော့ သူတို့ ကမ်းခြေရောက်လာရင် ခရုခွံတွေ သန္တာ ကျောက်တန်းတွေ ယူသွားမယ့်အစား အမှိုက်တွေ ကောက်သွားရင်ကောင်းမှာပဲလို့ တွေးမိတယ်
တစ်ယောက်နှစ်ယောက်စတော့ ဘယ်သိသာမလဲ သမီးရယ်
များလာတော့ မြင်တဲ့အတိုင်းပဲ အမှိုက်တွေကိုဖွေးဖွေးလှုပ်ရော

အဲ့တာတင် မကဘူး၊ လူတွေကသန္တာကျောက်တန်းတွေ လှလို့ ရေငုပ်လာကြည့်တဲ့အခါ ကြည့်ရုံမကြည့်ဘဲ၊ လက်နဲ့ ထိကြ ကိုင်ကြ ဓါတ်ပုံတွေရိုက်ကြနဲ့ အဲ့ သန္တာကျောက်တန်းတွေ ပျက်စီးကုန်ရော
သူတို့ အတွက်က ခန အလှကြည့်စရာဆိုပေမယ့်
သားအမေကို အတင်း လိုက်မကိုင်နဲ့ဗျ
ကြယ်ငါးတွေ နီမိုငါးတွေ ပင်လယ်တဲက အကောင်တွေအတွက်ကျ နေစရာ အိမ်၊ စားကျက်ချရာ မြေကိုး၊ အဲ့တာတွေပျက်စီးတော့ သူတို့ နေစရာပျောက်တာပေါ့
ဓါတ်ပုံရိုက်တဲ့အခါ တချို့ကလည်း ရိုးရိုးမရိုက်ဘူး ၊ သန္တာခက်တွေကို ချိုးဖဲ့ပြီးမှ ရိုက်ကြတာမျိုးရှိတယ်
သန္တာကျောက်တန်းတခုတခု ရှင်သန်ဖွံ့ ဖြိုးဖို့ ဆိုတာ နှစ်နဲ့ ချီ ပြီး အချိန်ယူရတာ၊ တန်ဖိုးမထားဘဲ ဖျက်ဆီးလိုက်ကြတော့လည်း စက္ကန့် ပိုင်းလေးတင်ရယ်

သမီး တခါမှ ဒီအကြောင်းတွေ မကြားဖူးခဲ့ဘူး

သမီးသူငယ်ချင်းတွေကို ပြန်ပြောပြချင်လိုက်တာ၊ အဲ့တာမှ သူတို့ တွေ ကမ်းခြေလာလည်ရင် ဒီလို ထိခိုက်စေမယ့်အပြုမူတွေ မလုပ်မိကြမှာ

ပြောပြတော့ ကောင်းတာပေါ့ သမီးရယ်
လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်
ဘိုချိုကျွန်း
တကယ်တော့သဇင်ခုရောက်နေတဲ့ ကမ်းခြေက ထိန်းသိမ်းကာကွယ်ဖို့ သတ်မှတ်ထားတဲ့ အဏ္ဏဝါအမျိုးသားဥယျာဉ်ထဲမှာရှိတာလေ၊ ဇီဝမျိုးကွဲတွေလည်းအများကြီး။ ဒီရေတောတွေလည်း အများကြီးရှိတယ်

ဒီ ဒီရေတောတွေဆိုရင် ကမ်းရိုးတန်းဒေသကို သဘာဝဘေးအန္တရာယ်ဒဏ်က အကာကွယ်ပေးဖို့ အရေးကြီးတဲ့ ဂေဟစနစ်ပေါ့

ဒါ့အပြင် ဒီမှာ ဒေသခံ ဆလုံလူမျိုးစုတွေလည်း ရှိတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်း ရာချီထဲက ဒီပင်လယ်က သူတို့ အိမ်ပဲ။ ပင်လယ်အကြောင်း ကောင်းကောင်းသိပြီး ပင်လယ်နဲ့ သဟဇာတမျှကြသူတွေပေါ့

MYANMAR ocean PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar

အဲ့လိုလိုက်နာစရာ စည်းမျဉ်းစည်းကမ်းတွေ၊ တားမြစ်ချက်တွေ သေချာလုပ်ပေးရင် ခရီးသွားတွေက ပိုတာဝန်ယူတတ်လာမှာ
အပျော်လုပ်ရပ်တချို့က ပင်လယ်ပြင်ကို နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်စေနိုင်မယ်ဆိုတာ သေချာသိရင် လူတွေလည်း ပိုဆင်ခြင်ကြမှာပေါ့
အင်း ဟုတ်တယ်နော် သမီးတို့ လာလည်လို့ ပင်လယ်ကပို လှသွားတယ်ဆိုတာပဲ ဖြစ်သင့်တာ
ခုလိုမျိုး သမီးမသိသေးတာတွေ အများကြီး ပြောပြပေးတာ ကျေးဇူးတင်ပါတယ်
ရပါတယ်ကွယ်၊ ကဲ တို့တွေလည်း အိမ်ပြန်လိုက်ဦးမယ်ဟေ့